The Rehabilitation (Board (Amendment) Act 1951
(Act No LXX of 1951)

# ၁၉၅၁ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၀။]

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေအခန်း ၅၊ ပုဒ်မ ၁၉ အစား အောက်ပါတို့ကိုထည့်သွင်းရမည်။

မြေသိမ်းယူနိုင်သည့်အာဏာ။

"၁၉။ ။(၁) ဤအက်ဥပဒေပါကိစ္စများအတွက် မည်သည့် မြေကိုမဆို အဖွဲ့ကအလိုရှိ၍ နိုင်ငံတော်သမတထံ သိမ်းယူရန် တောင်းဆိုသည့်အခါ၊ နိုင်ငံတော်သမတသည် ပုဒ်မခွဲ (၂) ပါ ပြင်ဆင်ချက်များ ပါဝင်သည့်မြေသိမ်း အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ပြည်သူ့ကိစ္စအတွက် မြေကိုသိမ်းယူဘိသကဲ့သို့၊ ထိုမြေကို သိမ်းယူရန် ဆောင်ရွက်နိုင်သည်။

(၂) ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ မြေကိုသိမ်းယူသောအခါ၊ မြေသိမ်းအက်ဥပဒေသည်၊ အောက်ပါ ပြင်ဆင်ချက်များ ထည့်သွင်းထားသည့်အတိုင်း အကျိုးသက်ရောက်ရမည်။

(က) အဆိုပါမြေသိမ်း အက်ဥပဒေပုဒ်မ ၁၇ (၁) အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

'၁၇ (၁)။ ပုဒ်မ ၁၁ အရ ဆုံးဖြတ်ချက် မချမှတ်သေးသော်လည်း၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် နို့တစ်စာကို ထုတ်ပြန်သည့်နေ့နောက် တဆယ့်ငါးရက် ကုန်ဆုံးသည့်အခါ၊ နိုင်ငံတော် သမတက ဆင့်ဆိုလျှင်၊ ကော်လိပ်တော်အရာရှိသည် အဖွဲ့က အလိုရှိသောမြေကို သိမ်းယူရန် ဂီမိအား ယင်းသို့ ဆင့်ဆိုသည့်အတိုင်း၊ ထိုမြေကိုသိမ်းယူ၍ အဖွဲ့သို့ချက်ခြင်း လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးသောအခါ ထိုမြေသည် ကြွေးမြီ တာဝန်ဟူသမျှ ကင်းလွတ်သောအဖွဲ့ပိုင်မြေဖြစ်ရမည်။'

(ခ) အဆိုပါမြေသိမ်း အက်ဥပဒေ ပုဒ်မ ၂၃ ၏ပုဒ်မခွဲ (၂) ကိုပယ်ဖျက်ရမည်။"

G.U.B.C.P.O.—No. 142, M. of J.A., 25-2-52—2,000—II.

Price—One anna.]